# ရွေးကောက်ပွဲသတင်းစဉ် (၁၂)

## အန်အယ်လ်ဒီပါတီလူငယ်အဖွဲ့များပြန်လည်ဖွဲ့စည်းခြင်း

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် (၃) ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏တွေ့ဆုံစဉ်က၊ အသက်အရွယ်ကြီးရင့်နေသည့် အန်အယ်လ်ဒီပါတီခေါင်းဆောင်းပိုင်းပြန်လည်ဖွဲ့စည်းရေးကိုဆွေးနွေးခဲ့ပါသည်။ အဆိုပါတွေ့ဆုံမှုနောက်ပိုင်းတွင် မကြာမီက ပြည်နယ်နှင့်တိုင်းများရှိအန်အယ်လ်ဒီလူငယ်နှင့်အမျိုးသမီးလုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်းပြုလုပ်လာသည်ကိုတွေ့ရှိရပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူငယ်လုပ်ငန်းအဖွဲ့တာဝန်ခံတစ်ဦးဖြစ်သူ ဦးလှဦး၏ပြောကြားချက်အရ၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ လူငယ်လုပ်ငန်းအဖွဲ့များပြန်လည်ဖွဲ့စည်းခြင်း လုပ်ငန်းများပြုလုပ်ရန်ရှိကြောင်း၊ ထိုမှတစ်ဆင့်မြို့နယ်၊ ရပ်ကွက်ကျေးရွာများအဆင့်အထိအဖွဲ့များကို ကျစ်လစ်ခိုင်မာအောင်တိုးချဲ့သွားမည်ဖြစ်ကြောင်း။ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် လူငယ်အဖွဲ့ ၇၀ နီးပါးဖွဲ့စည်းထားပြီးဖြစ်သည်။ လာမည့် ၂၀၁၀ ဇန်နဝါရီလဆန်းပိုင်းတွင် လုပ်ငန်းအဖွဲ့များဖွဲ့စည်းရေး၊ လုပ်ငန်းတာဝန်ခွဲဝေရေးကိစ္စများကို ဆွေးနွေးရန် ၂၀၁၀ ဇန်နဝါရီလဆန်းပိုင်းတွင် အစည်းအဝေးခေါ်ယူထားကြောင်းသိရှိရသည်။

## တစညပါတီအားထောက်ခံရန်စစ်အာဏာပိုင်များကလုပ်ငန်းရှင်နှစ်ဦးအားတာဝန်ပေးစေခိုင်း

ရခိုင်လူထု၏ ၂၀၁၀ ရွေးကောက်ပွဲနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)တို့အပေါ်မည်သို့သဘောထားရှိသည်ကိုသွေးတိုးစမ်းသိရှိရန်စစ်အစိုးရအာဏာပိုင်များကဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့မှမူဆလင်လုပ်ငန်းရှင်နှစ်ဦးဖြစ်ကြသည့် ဦးအောင်ဇော်ဝင်းနှင့်ဦးအောင်နိုင်တို့နှစ်ဦးအားလာမည့် ရွေးကောက်ပွဲတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအားထောက်ခံရန်အတွက်အနောက်ပိုင်းတိုင်းစစ်တိုင်းမှူးကတာဝန်ပေးစေခိုင်းထားသည်ဟုသိရှိရပါသည်။ ယင်းအစီအစဉ်အရ၊ မောင်တောမြောက်ပိုင်းမြို့နယ်တွင် ဦးအောင်ဇော်ဝင်းကလည်းကောင်း၊ မောင်တောတောင်ပိုင်းမြို့နယ်တွင်ဦးအောင်နိုင်ကလည်းကောင်း၊ ဒေသခံမူဆလင်လူမျိုးများကိုစည်းရုံးသွားရန်ဖြစ်ပါသည်။ တစညပါတီအားစစ်အာဏာပိုင်များကရခိုင်ပြည်နယ်တွင် လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပြုထားခြင်းနှင့်ပတ်သက်၍၊ နောက်ကွယ်အကြောင်းအရင်းများကိုတိကျစွာမသိရှိရသေးသော်လည်း၊ စစ်တွေအပါအဝင် ရသေ့တောင်၊ မောင်တော၊ ကျောက်တော်နှင့်ကျောက်ဖြူအစရှိသည့်မြို့နယ်များတွင် ၎င်းတို့၏ရုံးခန်းများဖွင့်လှစ်ခွင့်ပေးထားကြောင်းတွေ့ရသည်။ ဒေသခံမူဆလင်ခေါင်းဆောင် တစ်ဦး၏ပြောကြားချက်အရ၊ မောင်တောရှိ နယ်စပ်လူဝင်မှုကြီးကြပ်ရေးကွပ်ကဲမှုဌာနချုပ် (နစခ) မှတိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကိုထောက်ခံရန်ဖိ အားပေးမှုများပြုလုပ်ခဲ့ကြောင်းပြောကြားပါ သည်။

## ၂၀၁၀ ရွေးကောက်ပွဲအတွက် မွန်ပြည်နယ်တွင် တစညစည်းရုံးရေးဆင်း

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) ကလာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ၄င်းတို့ပါတီအားမဲပေးရန်အတွက် မွန်ပြည်နယ်ရှိကျေးရွာများသို့ ၂၀၀၉ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလသွားရောက်စည်းရုံးရေးဆင်းခဲ့ကြောင်းသိရသည်။ မွန်ပြည်နယ်မုဒုံမြို့နယ်နှင့်ရေးမြို့နယ်များတွင်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ တစညပါတီမှအဖွဲ့ဝင်များသည် မွန်ပြည်နယ်ကျေးရွာများသို့သွားရောက်ခဲ့ပြီး၊ ၄င်းတို့ပါတီအား ၂၀၁၀ ရွေးကောက်ပွဲတွင် ထောက်ခံမဲပေးပြီး၊ ၄င်းတို့အစိုးရဖြစ်လာသည့်အခါတွင် ဒေသခံပြည်သူများ အတွက် လွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်နှင့် အခြားအခွင့်အရေးများပေးမည်ဟုစည်းရုံးပြောကြားခဲ့ကြောင်းသိရှိရသည်။ မုဒုံမြို့၌ပြုလုပ်သည့်အစည်းအဝေးတွင် (တစည) ပါတီကလာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မွန်ပြည်သစ်ပါတီကပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အစည်းအဝေးတက်ရောက်သူများကိုစည်းရုံးပြောကြားခဲ့ပါသည်။ (တစည) ပါတီကလွန်ခဲ့သည့် ဩဂုတ်လတွင်လည်း မုဒုံမြို့နယ်၌ပထမအကြိမ်စည်းရုံးရေးဆင်းခဲ့ပြီး၊ ယခုတစ်ကြိမ်တွင်မုဒုံမြို့နယ်အတွင်းရှိ စည်းရုံးပြုလုပ်ရန်ကျန်ရှိနေသည့်ကျေးရွာများသို့ပြန်လည်ကွင်းဆင်းခြင်းဖြစ်သည်။ ထို့အတူမွန်ပြည်နယ်၊ ရေးမြို့နယ်တွင်လည်း (တစည) မှအလားတူစည်းရုံးရေး လုပ်ငန်းများဆောင်ရွက်နေကြောင်းသိရသည်။ စစ်အာဏာပိုင်များကရွေးကောက်ပွဲကို ၂၀၁၀ တွင်ကျင်းပမည် ဖြစ်ကြောင်းကြေညာထားပြီးဖြစ်သော်လည်း၊ ယနေ့တိုင်ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းဥပဒေများကို ထုတ်ပြန်ခြင်းမရှိသေးကြောင်းတွေ့ရှိရသည်။ တစညပါတီတွင် တပ်မတော်အရာရှိကြီးများဦးဆောင်ပါဝင်ပြီး၊ ၁၉၈၈ ခုနှစ် ပြည်သူလူထုဒီမိုကရေစီရရှိရန်အတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အားတိုက်ပွဲဝင်ခဲ့ရာမှ (မဆလ) မှ (တစည) ပါတီအဖြစ်သို့အမည်ပြောင်းလဲခဲ့သည့်ပါတီဖြစ်သည်။ ယင်းပါတီကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင်ဖွဲ့စည်းခဲ့သည်။

## အတိုက်ခံပါတီဝင်များစာရင်းအာဏာပိုင်များလိုက်လံစာရင်းပြုစု

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လားရှိုးမြို့မှဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီများနှင့်ကိုယ်စားလှယ်များ၏အမည်စာရင်းများကို ဒေသအာဏာပိုင်များကိုပြုစုပေးရန် လားရှိုးစစ်ဘက်ရေးရာအရှိချုပ်ရုံးက ၂၀၀၉ ခု နှစ်၊ ဒီဇင်ဘာလကုန်ပိုင်းတွင် အမိန့်ပေးညွှန်ကြားခဲ့ကြောင်းသိရှိရသည်။ အဆိုပါအမိန့်တွင် လက်ရှိပါတီအဖွဲ့ ဝင်ဦးရေနှင့် အဖွဲ့ဝင်တစ်ဦးချင်း၏ကိုယ်ရေးအချက်အလက်များကို ပြုစုပေးရမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် လားရှိုးမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အက်စ်အန်အယ်လ်ဒီ) ၊ ရှမ်းပြည်နယ်ကိုးကန့်ဒီမိုကရက်တစ်ပါတီ (အက်စ်အက်စ်ကေဒီပီ) ၊ “ ဝ ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒဗလျူအန်ဒီပီ) နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) တို့ဖြစ်ကြသည်။ စရဖမှ မည်သည့်အတွက်စာရင်းများပြုစုခိုင်းသည်ကို တိကျစွာမသိရှိနိုင်သော်လည်း၊ ဒေသခံတစ်ဦးကလာမည့် ၂၀၁၀ ရွေးကောက်ပွဲနှင့်ဆက်စပ်မှုများဖြစ်နိုင်ကြောင်းပြောကြားပါသည်။

## ဒီမိုကရေစီပါတီဝင်အမျိုးသမီးများကွင်းဆင်းစည်းရုံးရေးလုပ်ငန်းများလုပ်ကိုင်ခြင်း

ဒီမိုကရက်တစ်ပါတီ (Democratic Party) မှအမျိုးသမီးအဖွဲ့ဝင်အချို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းကာစည်းရုံးရေးလုပ်ငန်းစတင်နေပြီဖြစ်ကြောင်းသိရှိသည်။ တွံတေး၊ သုံးခွ၊ ဆိတ်ကြီးခနောင်တို၊ ကြည့်မြင်တိုင်၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ တောင်ဥက္ကလာ၊ ရန်ကင်းစသည့် မြို့နယ် (၈) ခုတွင် စည်းရုံးရေးစတင်နေပြီဖြစ်ကြောင်း၊ ဗဟိုဌာနချုပ်အလုပ်မှုဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦး ကပြောသည်။ “အိမ်တိုင်ရာရောက်သွားတာရှိသလို၊ ကျမအိမ် (တောင်ဥက္ကလာပ) မှာလုပ်တာများတယ်။ အရင်က ဒီမိုရေစီပါတီဝင်ဟောင်းတွေ၊ ထောက်ခံသူတွေအိမ်ကိုအခြေပြုဆင်းနေတာပါ။ ပါတီဖွဲ့ပြီးကတည်းကလုပ်နေတာပါဟု” ပါတီစည်းရုံးရေးတာဝန်ခံဒေါ်တင်တင်မြကပြောသည်။ ၄င်းသည် ၁၉၉၀ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးဖျက်သိမ်းခံခဲ့ရသည့် ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေ၏ ‘ ဒီမိုကရေစီပါတီ ’ တွင်လည်းပါတီစည်းရုံးရေး တာဝန်ခံအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ယခုလိုစည်းပါတီစည်းရုံးရေးဆင်းရာတွင် အောက်ခြေလူတန်းစားများ နေ့စဉ်ရင်ဆိုင်နေမပြေလည်မှုများနှင့်လိုအပ်ချက်များကိုမြင်တွေ့ခဲ့ရကြောင်း၊ ဒီမိုကရေစီရရှိသည့်အခါတွင် ယင်းအခြေခံလိုအပ်ချက်များကိုပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဒေါ်တင်တင်မြကပြောသည်။ “မြန်မာအမျိုးသမီးအများစုတွင် နိုင်ငံရေးနှင့်ပတ်သက်၍ အခြေအနေ (၃) မျိုးမြင်တွေ့နေရသည်ဟုသူကဆိုသည်။ “အင်တိုက်အားတိုက်ကျမတို့ကိုထောက်ခံနေသူတွေရှိသလို၊ တချို့ကမဲပေးဖို့စောင့်နေတာရှိတယ်။ အများစုကနိုင်ငံရေးအကြောင်းနားမလည်တာတွေရှိတယ် ” ဟုသူကပြောသည်။ လက်ရှိအခြေအနေတွင် ၄င်းတို့ပါတီတွင်အမာခံအမျိုးသမီးဦးရေ ၂၀ ခန့်ရှိနေပြီး၊ အများစုမှာရွေးကောက်ပွဲစည်းမျဉ်းဥပဒေကို စောင့်ဆိုင်းနေကြသဖြင့် အမည်စာရင်းပေးသွင်းနိုင်ခြင်းမရှိသေးကြောင်းသိရသည်။ ယခုလိုစည်းရုံးရေးလုပ်ဆောင်ရာတွင် ရန်ကုန်သတင်းဖွဲ့ဝင်တချို့ကလိုက်လံစောင့်ကြည့်မှုများရှိသလို၊ ပါတီစည်းရုံးရေးဆင်းနေစဉ် နေအိမ်တချို့ကိုလာရောက်၍၊ သတင်းမေးမြန်းစုံစမ်းခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။ သို့သော်တစ်စုံတစ်ရာ လိုက်လံနှောက်ယှက်ခြင်းမျိုးမရှိပေ။ အမျိုးသမီးအဖွဲ့အနေဖြင့် ရွေးကောက်ပွဲစည်းမျဉ်းဥပဒေများထုတ်ပြန်ပြီးနောက်တွင် ဧရာဝတီတိုင်း အတွင်းရှိဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များ၊ မန္တလေးတိုင်းရှိမြင်းခြံမြို့နယ်နှင့် ရန်ကုန်တိုင်းရှိ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များကိုလည်းစည်းရုံးရေးဆင်းသွားမည်ဟုသိရသည်။ “စည်းရုံးရေးမဆင်းရသေးတဲ့နေရာတွေက တိုက်ကြီး၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှိုင်သာယာ ကျန်တဲ့နေရာမှာတော့ အဖွဲ့ဝင်တွေက ကိုယ့်မြို့နယ်တွေကို တာဝန်ယူလုပ်ခဲ့ပြီးသားဆိုတော့သိပ်မလိုတော့ပါဘူး” ဟုဒေါ်တင်တင်မြကပြောသည်။ ပြီးခဲ့သည့်ဇွန်လနောက်ဆုံးပတ်တွင် ဗဟိုအလုပ်အမှုဆောင် (၁၅) ဦးနှင့်ဖွဲ့စည်းခဲ့သည့် ဒီမိုကရက်တစ်ပါတီတွင်ဥက္ကဋ္ဌအဖြစ် ဦးသုဝေကဆောင်ရွက်ပြီး၊ နိုင်ငံရေးခေါင်းဆောင်ဟောင်းများ၏သမီးများဖြစ်သည့် ဒေါ်သန်းသန်းနု၊ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် ဒေါ်နေရီဘာဆွေတို့ဖြင့် ဦးဆောင်ဖွဲ့စည်းခဲ့သည်။

## ပါတီဝင်တွေကို စစ်ဆေးမှုဥပဒေနဲ့မညီညွတ်

ယခုမကြာမီကာလအတွင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးသတင်းတပ်ဖွဲ့ဝင်များသည် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ နှင့်ကချင်ပြည်နယ်များအတွင်းရှိ အတိုက်ခံနိုင်ငံရေးပါတီများအဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များကို ကောက်ယူခဲ့ကြောင်းသိရှိရပါသည်။ အထူးသတင်းတပ်ဖွဲ့ဝင်များသည်မန္တလေး၊ ပဲခူးနှင့်ကချင်ပြည်နယ်အတွင်းရှိအန်အယ်လ်ဒီအဖွဲ့ဝင်စာရင်းများကောက်ယူခဲ့သည့်အပြင်၊ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်အန် အယ်လ်ဒီပါတီမှပြည်နယ်ကော်မတီတွင် ပါဝင်သူများ၏ကိုယ်ရေးအချက်အလက်များကိုတောင်းခံသွားကြောင်း အဆိုပါမြို့နယ်မှပါတီစည်းရုံးရေးရာအဖွဲ့ဝင်ဦးမျိုးနိုင်ကပြောကြားပါသည်။ မန္တလေးတိုင်းအန်အယ်လ်ဒီပါတီဝင်ဦးထွန်းထွန်းကလည်း၊ ၄င်းတို့ရပ်ကွက်မှကိုယ်စားလှယ်လေးငါးဦး၏အမည်များကို အာဏာပိုင်များကကောက်ယူသွားခဲ့ကြောင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။ မည်သည့်အတွက်ကြောင့် စာရင်းပြုစုနေသည်ကို အာဏာပိုင်များကတရားဝင်ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း၊ စာရင်းကောက်ခံသူများက အထက်ညွှန်ကြားချက်အရလုပ်ဆောင်ခြင်းဖြစ်ကြောင်းပြန်လည်ပြောကြားခဲ့သည်။ ပါတီဝင်များ၏ ကိုယ်ရေးအချက်အလက်များတောင်းခံခြင်းနှင့်ပတ်သက်၍၊ အာဏာပိုင်များ၏တောင်းဆိုမှုကိုငြင်းဆိုရန် မန္တလေးတိုင်းအန်အယ်လ်ဒီမှ ညွှန်ကြားချက်တစ်စောင့်ဖြန့်ဝေခဲ့ကြောင်းကို မန္တလေးတိုင်းအနောက်မြောက်မြို့နယ်မှရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ်ဦးတင်အောင်အောင်ကဆိုပါသည်။ အလားတူ ကချင်ပြည်နယ်မိုးညှင်းမြို့နယ်တွင် အမျိုးသားဒီမိုကရေစီ

အဖွဲ့ချုပ်မှ ပါတီဝင်အချို့ကို ဓါတ်ပုံရိုက်ခြင်းနှင့်မေးခွန်းလွှာများဖြေဆိုခိုင်းခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။ အာဏာပိုင်များက အန်အယ်လ်ဒီပါတီဝင်များ၏အချက်အလက်များပြုစု ကောက်ခံခြင်းသည် ဥပဒေအရလုပ်ပိုင်ခွင့်မရှိကြောင်း၊ မိမိတို့ပါတီအနေဖြင့်လိုအပ်သောစုံစမ်းစစ်ဆေးအရေးယူမှုများပြု လုပ်သွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးဌာနမှပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဆွေကပြောကြား ခဲ့ပါသည်။ စစ်အစိုးရကရွေးကောက်ပွဲကျင်းပရန်ကြေညာထားပြီးဖြစ်သော်လည်း၊ အန် အယ်လ်ဒီမှရွေးကောက်ပွဲတွင်ပါဝင်ရေးကိုမဆုံးဖြတ်ရသေးကြောင်း၊ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်းရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်အားပိတ်ပင်ထားပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်အုပ်ချုပ်မှုအဓွန့်ရှည်ရေးအတွက်ရေးဆွဲထားခြင်းသာဖြစ်ပါသည်။

## မန္တလေးတိုင်း၌ရှမ်းတိုင်းရင်းသားများကိုစက်မှု (၁ ) ဝန်ကြီးတွေ့ဆုံစည်းရုံး

စစ်အစိုးရက ကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲဝင်ရောက်ရေးအတွက် မန္တလေးတိုင်းမြို့ပေါ်ရှိ ရှမ်းတိုင်းရင်းသားအဖွဲ့အစည်းများကို အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းကတွေ့ဆုံစည်းရုံးသွားခဲ့ကြောင်း မြို့ခံတစ်ဦးကပြောကြားချက်အရသိရှိရပါသည်။ ဒီဇင်ဘာလ (၈) ရက်နေ့က မန္တလေးတိုင်း ၂၂ လမ်းရှိဧည့်ရိပ်သာတွင် ဝန်ကြီးကရှမ်းတိုင်းရင်းသားများကိုခေါ်ယူတွေ့ဆုံ စည်းရုံးပြောဆိုသွားခြင်းဖြစ်ပါသည်။ ရှမ်းတိုင်းရင်းသားများကို အသုတ်လိုက်ခွဲပြီး၊ မွန်းလွဲပိုင်းမှာ သာရေးနာရေး၊ လူမှုကူညီရေးအဖွဲ့များ၊ ညနေပိုင်းတွင် မြို့မျက်နှာဖုံးလူကြီးများနှင့် ည (၈) နာရီတွင် တက္ကသိုလ်ကရှမ်းစာပေယဉ်ကျေးမှုကော်မတီဝင်များနှင့် အသီးသီးခေါ်ယူတွေ့ဆုံခဲ့ကြောင်းသိရှိရပါသည်။ မန္တလေးတိုင်းတွင်ယခုအခါ ရှမ်းတိုင်းရင်းသား ရှစ်သောင်းခန့်နေထိုင်လျက်ရှိကြောင်း၊ အခြေခံဥပဒေအရ လူဦးရေ ငါးသောင်းရှိသောဒေသတွင် တိုင်းဒေသကြီးလွှတ်တော်မှာ လွှတ်တော်အမတ်ရာထူးတစ် နေရာရရှိမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရတွင်လည်း အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်နေရာ

လည်းရှိရနိုင်ကြောင်း။ ဦးအောင်သောင်းက ရှမ်းတိုင်းရင်းသားများမှ သူတို့ကိုယ်စားလှယ်တစ်ဦးရွေးချယ်ပေးရန်အဓိကပြောကြားသွားခဲ့ပါသည်။ အစည်းအဝေးသို့ မန္တလေး၊ မိုးကုတ်နှင့် ပြင်ဦးလွင် (မေမြို့) ရှိရှမ်းတိုင်းရင်းသားလူမျိုး ၃၀ ခန့်တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

## သုံးသပ်ချက်

၂၀၁၀ နှစ်သစ်အားကြိုဆိုသည့် အချိန်အခါသမယတွင် အစိုးရနှင့်အတိုက်ခံနိုင်ငံရေးပါတီများက ကြေညာထားသည့် ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများနှင့် ပြင်ဆင်လျက်ရှိနေကြပါသည်။ မကြာမီက အတိုက်ခံနိုင်ငံရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် အန်အယ်လ်ဒီခေါင်းဆောင် (၃) ဦးတို့တွေ့ဆုံပြီးနောက်၊ ပါတီတွင်းပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန်လိုအပ်နေကြောင်း၊ အောင်ဆန်းစုကြည်က ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ပါတီ၏အသက်အရွယ်ကြီးရင့်နေသည့် ခေါင်းဆောင်မှုနေရာများကို ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပြည်နယ်နှင့်တိုင်းများတွင်လူငယ်နှင့်အမျိုးသမီးလုပ်ငန်းအဖွဲ့များ ပြန်လည်ပြင်ဖွဲ့စည်းရန်ဆောင်ရွက်မှုများသည် မှန်ကန်သည့်လုပ်ဆောင်ချက်တစ်ရပ်အဖြစ်ရှုမြင်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ပါတီတွင်းလူကြီးနှင့်လူငယ်များအစားထိုးလဲလှယ်ယုံမျှဖြင့်မလုံလောက်ဘဲ၊ ခိုင်မာပြတ်သားသည့် မူဝါဒများနှင့်နည်းဗျူဟာများအကောင်အထည်ဖော်ချမှတ်ရန် အထူးလိုအပ်လျက်ရှိနေပါသည်။ ရခိုင်ပြည်နယ်သည် နိုင်ငံရေးအထူးတက်ကြွသောပြည်နယ်တစ်ခု ဖြစ်သဖြင့် ရွေးကောက်ပွဲတွင် စစ်အစိုးရက ၎င်းဘက်မှ အရှုံးမပေါ်စေရန် မူဆလင်အသိုင်းအဝန်းကလက်ခံနိုင်မည့်စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးအား "မျောက်လက်နှင့်မီးကိုင်ခိုင်း"သည်ဟူသောဆိုးရိုးစကားနှင့်အညီ ဒေသခံမူဆလင်များကို စည်းရုံးရန်လိမ်ပါးနပ်သောနည်းဗျူဟာကိုအသုံးချလိုက်ခြင်းပင်ဖြစ်ပါသည်။ ဒီမိုကရက်တစ်ပါတီမှအမျိုးသမီးပါတီဝင်များ၏စည်းရုံးရေးကွင်းဆင်းသည့်လှုပ်ရှားမှုသည် ပါတီဝင်အမျိုးသမီးများ၏နိုးကြွားတက်ကြွမှုကိုပြသခြင်းဖြစ်သကဲ့သို့၊ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် တိုးတက်ပြုပြင်ပြောင်းလဲမှုများကို ဖြစ်ပေါ်လာစေရန်မည်မျှအထိဆန္ဒပြင်းပြနေသည်ကို ထင်ရှားစွာပြသခြင်းပင်ဖြစ်ပါသည်။ ပြည်သူလူထုက အများပြည်သူကောင်းစားရေးကိုရှေးရှုသည့် ငြိမ်းချမ်းသောပြုပြင်ပြောင်းလဲရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို လိုလားတောင်းတလျက်ရှိသော်လည်း၊ စစ်အာဏာပိုင်များက ၎င်းတို့အာဏာတည်မြဲရေးအတွက်ကိုသာအစဉ်တစိုက်ဆောင်ရွက်နေမည်သာဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများရှိလာပါကလည်း စစ်အစိုးရကရေး ဆွဲပြဋ္ဌာန်းသည့်စည်းမျဉ်း၊ ကန့်သတ်ချက်များအတွင်းမှသာ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အာဏာတည်မြဲရေးအတွက် အာဏာပိုင်များက အတိုက်အခံနိုင်ငံရေးပါတီမှအဖွဲ့ဝင်များကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့်နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများအားလုံးကို ဘက်ပေါင်းစုံမှနည်းလမ်းများကို အသုံးပြုကာကန့်သတ်ချုပ်ချယ်ထားသည်ကိုတွေ့ရသည်။ မကြာမီကအတိုက်အခံပါတီဝင်များ၏ အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်များပြုစုခြင်းသည် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်သူများကိုလိုအပ်သည့် စနစ်တကျစောင့်ကြည့်အကဲခတ်နိုင်ရန်ကြိုတင်ပြင်ဆင်သည့် လုပ်ဆောင်ချက်တစ်ရပ်ဟုယူဆနိုင်ပါသည်။ အာဏာပိုင်များက ရွေးကောက်ပွဲမတိုင်မီအကောင်အထည်ဖော်နေသည့် ဆောင်ရွက်ချက်များကိုနားလည်သဘောပေါက်ရန်ခက်ခဲကြောင်း၊ ၎င်းတို့ရေးဆွဲထားသည့် နိုင်ငံရေးလမ်းပြမြေပုံပါပြဋ္ဌာန်းချက်များကို မဖြစ်မနေအကောင်အထည်ဖော်သွားမည်ဆိုသည်မှာမုချကေန်ပင်ဖြစ်ပါကြောင်းကောက်နှုတ်တင်ပြလိုက်ပါသည်။